မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ
(က) အရှင်ပညာသာရ ထေရုပ္ပတ္တိ က
(ခ) ဒေါက်တာဂုစတပ်လျှောက်ထားလွှာ င
(ဂ) ကျေးဇူးရှိ၍ ကျေးဇူးသိပါသည် ၁
(ဃ) ဗုဒ္ဓဝင် ပန်းချီ ပန်းပု ၄
(င) အမှာစကား ၇
(စ) ဝဏ္ဏသီရိရဲ့ စကားဦး ၁၄
(ဆ) ခွန်းဆင့်ပဏာ အမွှမ်းလွှာ ၂၁
(ဇ) ဂါရဝပြုအမှာ ၂၅

နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ

၁။ တဏှင်္ကရာမြတ်စွာဘုရား ၃၇
၂။ မေဓင်္ကရာမြတ်စွာဘုရား ၃၉
၃။ သရဏင်္ကရာမြတ်စွာဘုရား ၄၁
၄။ ဒီပင်္ကရာမြတ်စွာဘုရား ၄၃
၅။ ကောဏ္ဍညမြတ်စွာဘုရား ၄၅
၆။ မင်္ဂလမြတ်စွာဘုရား ၄၇
၇။ သုမနမြတ်စွာဘုရား ၄၉
၈။ ရေဝတမြတ်စွာဘုရား ၅၁
၉။ သောဘိတမြတ်စွာဘုရား ၅၃
၁၀။ အနောမဒဿီမြတ်စွာဘုရား ၅၅
၁၁။ ပဒုမမြတ်စွာဘုရား ၅၇
၁၂။ နာရဒမြတ်စွာဘုရား ၅၉
၁၃။ ပဒုမုတ္တရမြတ်စွာဘုရား ၆၁
၁၄။ သုမေဓမြတ်စွာဘုရား ၆၃
၁၅။ သုဇာတမြတ်စွာဘုရား ၆၅
၁၆။ ပိယဒဿီမြတ်စွာဘုရား ၆၇
၁၇။ အတ္ထဒဿီမြတ်စွာဘုရား ၆၉
၁၈။ ဓမ္မဒဿီမြတ်စွာဘုရား ၇၁
၁၉။ သိဒ္ဓတ္ထမြတ်စွာဘုရား ၇၃
၂၀။ တိဿမြတ်စွာဘုရား ၇၅
၂၁။ ဖုဿမြတ်စွာဘုရား ၇၇
၂၂။ ဝိပဿီမြတ်စွာဘုရား ၇၉
၂၃။ သိခီမြတ်စွာဘုရား ၈၁
၂၄။ ဝေဿဘူမြတ်စွာဘုရား ၈၃
၂၅။ ကကုသန္ဓမြတ်စွာဘုရား ၈၅
၂၆။ ကောဏာဂမနမြတ်စွာဘုရား ၈၇
၂၇။ ကဿပမြတ်စွာဘုရား ၈၉
၂၈။ ဂေါတမမြတ်စွာဘုရား ၉၁

ဂေါတမမြတ်စွာဘုရားဖြစ်တော်စဉ်

၂၉။ အလောင်းတော် သုမေဓာရှင်ရသေ့ ၉၃
၃၀။ အလောင်းတော် သေတကေတုနတ်သား ၁၀၁
၃၁။ မယ်တော်မာယာရဲ့ဝမ်းကြာတိုက်မှာ ၁၀၅
၃၂။ လုမ္ဗိနီသာမော အင်ကြင်းတောမှာ ၁၁၃
၃၃။ ဖွားမြင်ပြီးစ မြေပြင်ပေါ်မကျခင် ၁၁၇
၃၄။ မြေပြင်မှာ ခြေတင်တဲ့အခါ ၁၁၉
၃၅။ ဦးထိပ်ထက်က ခြေဖဝါးအစုံ ၁၂၃
၃၆။ ဝမ်းနည်းဝမ်းသာ နှစ်မျက်နှာ ၁၂၅
၃၇။ လိုအင်ဆန္ဒ ပြည့်ဝစေနိုင်သူ ၁၂၇
၃၈။ လယ်ထွန်မင်္ဂလာပွဲတော်ကြီး ၁၃၁
၃၉။ နန်းသိမ်းပွဲမင်္ဂလာ ၁၃၅
၄၀။ မင်းလမ်းပေါ်က နိမိတ်ကြီးလေးပါး ၁၄၁
၄၁။ ရင်ခွင်ထဲက သားတော်ကလေး ၁၄၅
၄၂။ ထွက်တော်မူ နန်းကခွာတယ် ၁၅၁
၄၃။ ကဏ္ဍကမြင်း ရပ်တန့်တဲ့ မြေနေရာ ၁၅၇
၄၄။ အနော်မာသောင်ခြေက ငွေသဲပြင်မှာ ၁၆၁
၄၅။ အနုပိယသရက်တောမှာ ၁၆၅
၄၆။ ရာဇဂြိုဟ်မြို့တော်နဲ့ ပဏ္ဍဝတောင် ၁၆၉
၄၇။ ဥရုဝေလတောကြီးအတွင်းက ဒုက္ကရစရိယာ ၁၇၃
၄၈။ တစ်ဆင့်ပြီးတစ်ဆင့် ပြင်းထန်တဲ့ကျင့်စဉ်များ ၁၇၇
၄၉။ သုဇာတာရဲ့ ဃနာနို့ဆွမ်း ၁၈၁
၅၀။ အဓိဋ္ဌာန်နဲ့ ရွှေခွက်မျှောခြင်း ၁၈၅
၅၁။ အင်ကြင်းတောမှာ တစ်နေ့တာ ၁၈၉
၅၂။ ပလ္လင်္ကသတ္တာဟတွင် မာရ်ငါးပါးနှင့် မာရ်နတ်ရန်ကို အောင်မြင်တော်မူခြင်း ၁၉၃
၅၃။ မြတ်စွာဘုရားတစ်ဆူ ပွင့်တော်မူပြီ ၁၉၇
၅၄။ အနိမိသ သတ္တာဟ ၂၀၃
၅၅။ စင်္ကမ သတ္တာဟ ၂၀၅
၅၆။ ရတနာဃရ သတ္တာဟ ၂၀၇
၅၇။ အဇပါလ သတ္တာဟ ၂၁၁
၅၈။ မုစလိန္ဒ သတ္တာဟ ၂၁၅
၅၉။ ရာဇာယတန သတ္တာဟ ၂၁၇
၆၀။ မိဂဒါဝုန်တောမှာ ပထမဝါ ၂၂၁
၆၁။ ဥရုဝေလတောကြီးမှ ရာဇဂြိုဟ်မြို့တော်သို့ ၂၃၁
၆၂။ ပြည်တော်ပြန်ခရီး ၂၃၇
၆၃။ ရာဇဂြိုဟ်မြို့တော်မှာ ငါးဝါ ၂၄၅
၆၄။ ဝေသာလီမြို့တော်မှာ ပဉ္စမဝါ ၂၄၉
၆၅။ ဘိက္ခုနီသာသနာ ပေါ်ပေါက်လာပုံ ၂၅၅
၆၆။ မကုဋတောင်ကျောင်းမှာ ဆဋ္ဌမဝါ ၂၅၉
၆၇။ တာဝတိံသာနတ်ပြည်မှာ သတ္တမဝါ ၂၆၁
၆၈။ ဘေသကဠာတောကြီးထဲမှာ အဋ္ဌမဝါ ၂၆၇
၆၉။ ကောသမ္ဗီမြို့မှာ နဝမဝါ ၂၇၁
၇၀။ ပလလည်းတောမှာ ဒသမဝါ ၂၇၇
၇၁။ နာဠရွာမှာ ဧကာဒသမဝါ ၂၈၃
၇၂။ ဝေရဉ္ဇာမြို့မှာ ဒွါဒသမဝါ ၂၈၇
၇၃။ စာလိကတောင်ပေါ်ကျောင်းမှာ သုံးဝါ ၂၉၃
၇၄။ ကပိလဝတ္ထုမြို့တော်မှာ ပန္နရသမဝါ ၂၉၇
၇၅။ အာဠဝီမြို့တော်မှာ သောဠသမဝါ ၃၀၁
၇၆။ ဇေတဝန်ကျောင်းတော်မှာ ၂၅ ဝါ ၃၀၅
၇၇။ ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ ၃၁၃
၇၈။ ဝေဠုဝရွာမှာ နောက်ဆုံးဝါ ၃၁၉
၇၉။ ကုသိနာရုံ အင်ကြင်းစုံ ၃၂၇
၈၀။ သုံးဆင့်သုံးလီ ပူဇော်ပွဲကြီးများ ၃၃၇
၈၁။ စစ်ကြေညာသံတွေကြားက ဓာတ်တော်ဝေခန်း ၃၄၃

အသီတိမဟာသာဝကများ

၈၂။ အရှင်သာရိပုတ္တရာမထေရ် ၃၅၃
၈၃။ အရှင်ကောဏ္ဍညမထေရ် ၃၅၅
၈၄။ အရှင်မဟာမောဂ္ဂလာန်မထေရ် ၃၅၇
၈၅။ အရှင်ဝပ္ပလိမထေရ် ၃၅၉
၈၆။ အရှင်ဥရုဝေလကဿပမထေရ် ၃၆၁
၈၇။ အရှင်မဟာကဿပမထေရ် ၃၆၃
၈၈။ အရှင်ကုမာရကဿပမထေရ် ၃၆၅
၈၉။ အရှင်ပိလိန္ဒဝစ္ဆမထေရ် ၃၆၇
၉၀။ အရှင်မဟာကစ္စည်းမထေရ် ၃၆၉
၉၁။ အရှင်မဟာကောဋ္ဌိတမထေရ် ၃၇၁
၉၂။ အရှင်ရဋ္ဌပါလမထေရ် ၃၇၃
၉၃။ အရှင်ကာဠုဒါယီမထေရ် ၃၇၅
၉၄။ အရှင်မဟာကပ္ပိနမထေရ် ၃၇၇
၉၅။ အရှင်ဥပါလိမထေရ် ၃၇၉
၉၆။ အရှင်သောဘိတမထေရ် ၃၈၁
၉၇။ အရှင်ဝင်္ဂီသမထေရ် ၃၈၃
၉၈။ အရှင်အနုရုဒ္ဓါမထေရ် ၃၈၅
၉၉။ အရှင်ကင်္ခါရေဝတမထေရ် ၃၈၇
၁၀၀။ အရှင်သာဂတမထေရ် ၃၈၉
၁၀၁။ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ် ၃၉၁
၁၀၂။ အရှင်အာနန္ဒာမထေရ် ၃၉၃
၁၀၃။ အရှင်နန္ဒကမထေရ် ၃၉၅
၁၀၄။ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် ၃၉၇
၁၀၅။ အရှင်စူဠပန္ထကမထေရ် ၃၉၉
၁၀၆။ အရှင်ဘဒ္ဒိယမထေရ် ၄၀၁
၁၀၇။ အရှင်ရာဟုလာမထေရ် ၄၀၃
၁၀၈။ အရှင်မဟာပန္ထကမထေရ် ၄၀၅
၁၀၉။ အရှင်ဗာကုလမထေရ် ၄၀၇
၁၁၀။ အရှင်သီဝလိမထေရ် ၄၀၉
၁၁၁။ အရှင်ဒဗ္ဗမထေရ် ၄၁၁
၁၁၂။ အရှင်ကုဏ္ဍ–ဓာနမထေရ် ၄၁၃
၁၁၃။ အရှင်ဗာဟိယ–ဒါရုစီရိယမထေရ် ၄၁၅
၁၁၄။ အရှင်ဥပသေန–ဝင်္ဂန္တပုတ္တမထေရ် ၄၁၇
၁၁၅။ အရှင်ခဒိရဝနိယရေဝတမထေရ် ၄၁၉
၁၁၆။ အရှင်နန္ဒမထေရ် ၄၂၁
၁၁၇။ အရှင်မောဃရာဇမထေရ် ၄၂၃
၁၁၈။ အရှင်မန္တာဏိပုတ္တ–ပုဏ္ဏမထေရ်(အရှင်မဟာပုဏ္ဏမထေရ်) ၄၂၅
၁၁၉။ အရှင်သောဏ–ကုဋိကဏ္ဏမထေရ် ၄၂၇
၁၂၀။ အရှင်အင်္ဂုလိမာလမထေရ် ၄၂၉
၁၂၁။ အရှင်မဟာဥဒါယီမထေရ် ၄၃၁
၁၂၂။ အရှင်သောဏကောဠိဝိသမထေရ် ၄၃၃
၁၂၃။ အရှင်ရာဓမထေရ် ၄၃၅
၁၂၄။ အရှင်သဘိယမထေရ် ၄၃၇
၁၂၅။ အရှင်သေလမထေရ် ၄၃၉
၁၂၆။ အရှင်သုဘူတိမထေရ် ၄၄၁
၁၂၇။ အရှင်ဝပ္ပမထေရ် ၄၄၃
၁၂၈။ အရှင်ဥပဝါနမထေရ် ၄၄၅
၁၂၉။ အရှင်မေဃိယမထေရ် ၄၄၇
၁၃၀။ အရှင်ဘဒ္ဒိယမထေရ် ၄၄၉
၁၃၁။ အရှင်မဟာနာမ်မထေရ် ၄၅၁
၁၃၂။ အရှင်နာဂိတမထေရ် ၄၅၃
၁၃၃။ အရှင်ယသောဇမထေရ် ၄၅၅
၁၃၄။ အရှင်အဿဇိမထေရ် ၄၅၇
၁၃၅။ အရှင်နာလကမထေရ် ၄၅၉
၁၃၆။ အရှင်အဇိတမထေရ် ၄၆၁
၁၃၇။ အရှင်တိဿမေတ္တေယျမထေရ် ၄၆၃
၁၃၈။ အရှင်ယသမထေရ် ၄၆၅
၁၃၉။ အရှင်ဝိမလမထေရ် ၄၆၇
၁၄၀။ အရှင်ကပ္ပမထေရ် ၄၆၉
၁၄၁။ အရှင်ပုဏ္ဏကမထေရ် ၄၇၁
၁၄၂။ အရှင်သုဗာဟုမထေရ် ၄၇၃
၁၄၃။ အရှင်ဂဝမ္ပတိမထေရ် ၄၇၅
၁၄၄။ အရှင်မေတ္တဂူမထေရ် ၄၇၇
၁၄၅။ အရှင်ဓောတကမထေရ် ၄၇၉
၁၄၆။ အရှင်ပုဏ္ဏဇိမထေရ် ၄၈၁
၁၄၇။ အရှင်နဒီကဿပမထေရ် ၄၈၃
၁၄၈။ အရှင်ဥပသီဝမထေရ် ၄၈၅
၁၄၉။ အရှင်ဟေမကမထေရ် ၄၈၇
၁၅၀။ အရှင်ဂယာကဿပမထေရ် ၄၈၉
၁၅၁။ အရှင်မဟာစုန္ဒမထေရ် ၄၉၁
၁၅၂။ အရှင်တောဒေယျမထေရ် ၄၉၃
၁၅၃။ အရှင်ဇတုကဏ္ဏိမထေရ် ၄၉၅
၁၅၄။ အရှင်ဘဂုမထေရ် ၄၉၇
၁၅၅။ အရှင်ပါရာယနိကနန္ဒမထေရ် ၄၉၉
၁၅၆။ အရှင်ဘဒြာဝုဓမထေရ် ၅၀၁
၁၅၇။ အရှင်ပေါသာလမထေရ် ၅၀၃
၁၅၈။ အရှင်ကိမိလမထေရ် ၅၀၅
၁၅၉။ သုနာပရန္တအရှင်ပုဏ္ဏမထေရ် (အရှင်စူဠပုဏ္ဏမထေရ်) ၅၀၇
၁၆၀။ အရှင်ပိင်္ဂိယမထေရ် ၅၀၉
၁၆၁။ အရှင်ဥဒယမထေရ် ၅၁၁
၁၆၂။ အရှင်နန္ဒိယမထေရ် ၅၁၂
၁၆၃။ မဟာသာဝက ရှစ်ကျိပ်စာရင်းချုပ်နှင့် ပန်းချီဆရာကြီးရဲ့ လုပ်ငန်းပြီးမှတ်တမ်း ၅၁၃
၁၆၄။ ကျမ်းကိုး ၅၁၄
၁၆၅။ ဗုဒ္ဓဝင်ရုပ်စုံ ပုရပိုက်ရဲ့မျက်နှာဖုံး ၅၁၅
၁၆၆။ ဗုဒ္ဓဝင်ရုပ်စုံ ပုရပိုက်ရဲ့ကျောဖုံး ၅၁၆

❀

ဗုဒ္ဓဝင် ပန်းချီ ပန်းပု

မြန်မာ့ရှေးဟောင်း အနုပညာလက်ရာများသည် ကျောင်းကန်၊ ဘုရား၊ ဂူလိုဏ်များတွင်သာ အများအပြားတွေ့ရှိရပေသည်။ ရှေးခေတ်ယဉ်ကျေးမှုလက်ရာများသည် ဆိုင်ရာဆိုင်ရာ သူ့ခေတ်နှင့်သူ ဖြစ်ပျက်ခဲ့သော လူသားတို့၏ ထုံးတမ်းဓလေ့ ရိုးရာ သဘာဝ စရိုက်အမူအကျင့်စသည်တို့ကို ဘုရားတန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ် စသည်တို့၌ ပန်းချီ၊ ပန်းပုစသော ယဉ်ကျေးမှုအနုပညာပစ္စည်းများအနေဖြင့် ဆိုင်ရာသမိုင်းစဉ်ကို အထင်းသား အလင်းသား၊ ကွက်ကွက်ကွင်းကွင်း ဖော်ပြနေသကဲ့သို့ ရှိနေကြပေသည်။

ကျွန်တော်သည် ခေတ်အသီးသီးကို ဖော်ပြနေကြသည့် ရှေးခေတ်ဟောင်းလက်ရာ အများအပြားအနက်မှ ရတနာပုံမန္တလေးခေတ်၏ ယဉ်ကျေးမှုအဖုံဖုံကို ညွှန်ပြနေသည့် ပန်းချီ၊ ပန်းပုလက်ရာမွန်များရှိရာ မုံရွာမြို့မှ ၆ မိုင်ဝေးသော တောပုတောရကျောင်းခေါ် ဝေဇယန္တာကျောင်းကြီးသို့ သွားရောက်ပြီးလေ့လာကြည့်ရှုရာ ကျောင်းတိုင်ပေါင်း ၂၀၀ ကျော် နှင့် ကျောင်းဦးပြာသာဒ်ကြီး နှစ်ဆောင် ပေါက်ထားသည်ကိုတွေ့ရသည်။ လှေကားမှာ တောင်ဘက်နှစ်စင်း၊ မြောက်ဘက်နှစ်စင်း အားလုံး လေးစင်းရှိသည်။ ကျောင်းကြီးအပေါ်ထပ်သို့ တက်သွားသောအခါ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော အမိုးနှင့်အခင်း အများအပြားကို တွေ့ရသည်။

ဆက်လက်၍ ကျောင်းကြီး၏ ဘေးပတ်ပတ်လည်ကို လှည့်လည်လေ့လာ ကြည့်ရှုသောအခါ သေသပ်ကောင်းမွန် ထူးခြားလှသည့် မြန်မာ့အနုပညာ ပန်းပုလက်ရာများနှင့် ပန်းချီနောက်ခံကားချပ်များကိုလည်း တွေ့ရှိရ၏။ ထိုအနုပညာလက်ရာများသည် ဗုဒ္ဓဝင်ပန်းပုရုပ်လုံးနှင့် ဘုရားလောင်းသုမေဓာရသေ့ ဗျာဒိတ်ခံယူခန်းမှစပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ဒေါနပုဏ္ဏား ဓာတ်တော်ဝေခန်းအထိ ဆေးရောင်စုံပန်းချီကားများဖြင့် နောက်ခံအခန်းပေါင်း ၇၀ ခန့်ရှိပြီး ပန်းပုရုပ်လုံးပေါင်း ၇၀၀ ကျော် ရှိပါသည်။

ထိုပန်းပုနှင့် ပန်းချီနောက်ခံကားများကို တာဝန်ယူ၍ပြုလုပ်ပေးသောသူသည် မန္တလေးမြို့ စာတိုက်တန်းတွင်နေထိုင်ခဲ့သော မြန်မာ့ဗိသုကာဆရာကြီး ဦးဆိုင်ဖြစ်သည်။ ဦးဆိုင်သည် ထိုဗုဒ္ဓဝင်ပန်းပုနှင့် ပန်းချီကားများကိုပြုလုပ်စဉ်က အသက် ၃၃ နှစ်အရွယ်သာရှိသေးသည်ဟုဆိုသည်။ မန္တလေး ရွှေချည်ထိုးရပ်မှ ကျောင်းဒါယကာကြီး ဦးထွန်းလင်း + ဒေါ်ကြည်တို့က ဦးဆိုင်အား လက်ခပါအပြီးအစီး ၃၅၀၀ ကျပ်ကျော်ဖြင့် လက်ခံပြီးပြုလုပ်ပေးရန် အလုပ်အပ်နှံသဖြင့် လက်ခံပြီးဆောင်ရွက်ခဲ့သည်ဟုလည်း ဆရာကြီးဦးဆိုင်က ပြောပြခဲ့ပါသည်။ ထိုအချိန်က ဆရာကြီး ဦးဆိုင်၏အသက်သည် ၈၇ နှစ် ရှိနေပေပြီ။ သူ့ရုပ်လုံးများကို ၁၂၈၀ ပြည့်နှစ်တွင် စတင်ထုလုပ်သည်။ အားလုံးပြီးစီးသောအခါ တပည့်ကိုသာလှက ဆေးရောင်များကို ဆရာဆိုင်ညွှန်ကြားချက်အတိုင်း ရေးခြယ်ရသည်။ ၁၂၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် တောပုတောရကျောင်းတွင် အားလုံး တပ်ဆင်ပြီးစီးခဲ့သည်။

ယခုတွေ့ရှိနေရသော ဆေးရောင်များကား ၁၂၉၆ ခုနှစ်၊ မန္တလေးမြို့မှ ပန်းချီဆရာကြီး ဦးနီနှင့် တပည့်ကိုအောင်ကြီးတို့က နောက်ထပ် ထပ်မံခြယ်ထားသော ဆေးရောင်များဖြစ်သည်။ သို့သော် ယခုရှိနေသောဆေးရောင်သည် ဆရာဆိုင်၏ ပထမဆေးလောက် မကောင်းဟု တောရကျောင်းဆရာတော်ဦးဝါသဝက အမိန့်ရှိပါသည်။

ပန်းပုရုပ်လုံးနှင့် ပန်းချီကားများသည် တောရကျောင်း၌ ၁၂၄၉ ခုနှစ်တွင် ရေးဆွဲပြီးစီးခဲ့သော ဗုဒ္ဓဝင်ဆေးရောင်စုံ အဝတ်ပုရပိုက်ကြီးထဲမှ နမူနာပုံစံယူပြီး ကျောင်းဒါယကာက အလုပ်အပ်နှံခြင်းဖြစ်သည်။ ယင်းဗုဒ္ဓဝင်ပုရပိုက်ကြီးသည် အခန်းပေါင်း ၁၀၀ ကျော်ရှိသည်။ အဖုံးမှာ သစ်သားပေါ်တွင် ရွှေချည်ထိုးဖုံးအုပ်ထားသဖြင့် လက်ရာမှာ အထူးကောင်းမွန်လှသည်။

ရန်ကုန်တက္ကသိုလ်မှ ဆရာကြီးဦးဝန် (မင်းသုဝဏ်)က အဝတ်စဖြင့်ပြုလုပ်ထားသည့် ပုရပိုက်ကို မြန်မာပြည်တွင် ထူးခြားစွာ ဒီတစ်ခုသာတွေ့ရဖူးသေးသည်ဟုဆိုသည်။

မန္တလေးတက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကလည်း မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကကြီးမှူးသော ပန်းချီပြပွဲတွင် ဤဗုဒ္ဓဝင်ဆေးရောင်စုံပုရပိုက်ကို တင်ပြခဲ့လေသည်။

ဤဗုဒ္ဓဝင်ပုရပိုက်ကို ရေးဆွဲသောသူမှာ အောင်ချမ်းသာရွာမှ လာရောက် ကိုရင်ဝတ်နေသော ကိုရင်ကြီးဦးငြိမ်းဖြစ်သည်။ ဦးငြိမ်းသည် သာမဏေဝတ်သောအခါ လှူဒါန်းစရာမရှိ၍ မိမိတတ်မြောက်ထားသော ပန်းချီပညာကိုလှူပါရစေဟု ဆိုလာသည်။ ဤတွင် ဆရာတော်က သင်္ကန်းချုပ်ရန်လှူထားသော ပိတ်စကို နောင်အရှည်သဖြင့် ခိုင်အောင်ဆိုကာ ပုရပိုက်ပြုလုပ်၍ အသုံးပြုခွင့်ပေးသဖြင့် ဦးငြိမ်းက ထိုအဝတ်စပေါ်တွင် ဗုဒ္ဓဝင်ကိုရေးဆွဲပြီး လှူခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဝင်ကိုရေးဆွဲရာ၌ နိုင်ငံခြားမှဆေးများ လုံးဝမပါဘဲ မြန်မာပြည်တွင်းဖြစ် ပစ္စည်းများဖြင့် ရေးဆွဲထားသည်ကို တွေ့ရပါသည်။ ဥပမာ အစိမ်းရောင်ကိုလိုပါက ခွေးတောက်ရွက်နှင့် အခြားသစ်ရွက်စိမ်းများဖြင့် စပ်ခဲ့သည်။ မြေနီ၊ မြေဝါ၊ မဲနယ်စသည့် အခြားပြည်တွင်းဖြစ် ပစ္စည်းများဖြင့် ဆေးရောင်စုံဖြစ်အောင်စီမံကာ ရေးဆွဲခြယ်မှုန်းပြီး ရွှေကိုသုံးရသောနေရာတွင်မူ ဆေးရောင်တွေအားလုံးခြယ်ပြီးမှ ကိုရင်ကြီးကို လူဝတ်လဲစေပြီး ရွှေချစေသည်။ ဤကား ရှေးဆရာတော်ကြီးများ၏နည်းသိက္ခာကိုလေးစားကြောင်း ထင်ရှားသောသာဓက တစ်ခုဖြစ်လေသည်။

ပုရပိုက်ထဲတွင်ပါဝင်သော ရုပ်ပုံများသည် ရတနာပုံခေတ်မှလူများ နေထိုင်သွားလာ ဝတ်စားတန်ဆာဆင်ကြသည့်သရုပ်ကို အထင်းသားဖော်ပြထားသည်ဟု ဆိုနိုင်ပေသည်။

ရတနာပုံခေတ် အမျိုးသမီးကလေးများ ပန်းပန်ပုံ၊ ဆံပင်ကို ရှေ့တည့်တည့်ခွဲထားပုံ၊ ဝတ်စားပုံများ၊ သုဇာတာသူဌေးသမီးလာပုံများကို နေရာအများအပြားတွင် တွေ့ရသည့်ပြင် တောင်သူလယ်သမားနှင့် ပတ်သက်သည်များကို သုဒ္ဓိယငစင် မြက်ထမ်းပုံနှင့် သုဒ္ဓေါဒနမင်းကြီး၏ လယ်ထွန်မင်္ဂလာအခန်းများတွင် တွေ့ကြရလေသည်။

မင်းမြောက်တန်ဆာငါးပါး ဝတ်ဆင်ထားပုံကို ပုရပိုက်ထဲတွင် ကျကျနနရေးဆွဲထားသည်။ ထို့ပြင် ကကြိုးတန်ဆာဆင်ထားသော မြင်းပုံကိုလည်း ဘုရားလောင်းတောထွက်ခန်း၌ အပြည့်အစုံတွေ့နိုင်သည်။ မြန်မာ့တူရိယာမျိုးစုံလည်း သူ့နေရာနှင့်သူ ရှိနေလေသည်။ အဆောက်အအုံစသော ဗိသုကာအတတ်ပညာများပါ မကျန်ရအောင် ထည့်သွင်းထားသည်ဖြစ်သောကြောင့် အဘက်ဘက်မှစုံသော ပုရပိုက်တစ်ဆူပင်ဖြစ်သည်။

ကာဠဒေဝီလရသေ့ ကိုယ်တစ်ကိုယ်တည်း ခေါင်းနှစ်လုံးရေးပြီး တစ်လုံးက ပြုံး၊ တစ်လုံးက မဲ့နေပုံ ရေးထားသည်ကိုလည်းတွေ့ရသည်။

ကာဠဒေဝီလရသေ့က ဘုရားလောင်းအားဖူးမြော်ရာတွင် အခြားသောပန်းချီဆရာများ ရေးဆွဲသလို ရသေ့ဦးခေါင်းပေါ်သို့ ဘုရားလောင်းက ခြေဖြင့်တက်နင်းသည်မဟုတ်ဘဲ ဖခင်သုဒ္ဓေါဒနမင်းကြီး၏ ရင်ခွင်ထက်မှနေပြီး ရသေ့ဦးချရာသို့ ခြေဖြင့်ထိရုံသာထားပုံကို ရေးဆွဲခဲ့သည်။

ရတနာပုံ မန္တလေးသမိုင်းကို ညွှန်ပြနေသည့် ဤပုရပိုက်ကိုကား ထိန်းသိမ်းထားရမည်ဖြစ်သော်လည်း တစ်ပိုင်းတစ်စအားဖြင့် ပျက်စီးစပြုနေပြီဖြစ်သော တောပုရွာမှ ဝေဇယန္တာတောရကျောင်းကြီးကိုကား အချိန်မီ ပြုပြင်မွမ်းမံမည့်သူ မပေါ်ပေါက်ပါက ရှေ့နှစ်များမကြာမီ ကျောင်းပတ်ပတ်လည်တွင်ရှိသော မြန်မာ့အနုပညာလက်ရာအမွေအနှစ်များ ဆုံးရှုံးပျက်စီးသွားပေတော့မည်ဖြစ်၍ ရှေးဟောင်းသုတေသနဌာနအနေဖြင့် မန္တလေးမှ ရွှေကျောင်းကြီးနှင့် ရွှေအင်ပင်ကျောင်းကြီးများ ပြုပြင်မွမ်းမံ ပြင်ဆင်ပေးသကဲ့သို့ တောပု တောရကျောင်းကြီးကိုလည်း အချိန်မီ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ထားစေလိုပါတယ်။

ရွှေအိုင်သား
(အရှင်ပညာသာရ)
လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ (၁.၄.၆၈)